NUCC National Unity Consultative Council
အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

(Myanmar Language)

# အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (National Unity Consultative Council – NUCC) ၏ ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်။

၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းယူမှုကို ဆန့်ကျင်သည့် အင်အားစုများသည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးရည်မှန်းချက်များအတွက် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (National Unity Consultative Council – NUCC) ကို ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့ တွင် ကနဦး စုဖွဲ့မှုပြုကာ စတင်ခဲ့ပါသည်။

၂။ NUCC အား ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ထောက်ခံမဲများဖြင့် တရားဝင်မှု (De Jure Legitimacy) ရရှိ ထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) နှင့် လက်တွေ့မြေပြင်တွင် ကိုယ်ပိုင်ထိန်းချုပ်နယ်မြေများ၊ အုပ်ချုပ်မှု ယန္တရားများ၊ လူထုထောက်ခံမှု အသီးသီးရရှိခြင်းအားဖြင့် တရားဝင်မှု (De Facto Legitimacy) ရှိသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်နယ်/ ဖက်ဒရယ် ယူနစ် အခြေပြုနှင့် လူမျိုးအခြေပြု အတိုင်ပင်ခံကောင်စီများနှင့် စစ်အာဏာသိမ်း မှုကိုလက်မခံသော နိုင်ငံရေးပါတီများ၊ နွေဦးတော်လှန်ရေး၏ အင်အားစုများဖြစ်သည့် စစ် အာဏာရှင်စနစ်ကိုဆန့်ကျင်သော လူငယ်၊ အမျိုးသမီး အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂ များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အကြမ်းမဖက် အာဏာ ဖီဆန်မှုလှုပ်ရှားမှု (CDM) တွင်ပါဝင်သူများ၊ သပိတ်ကော်မတီများ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာအသီးသီးတို့မှ အဖွဲ့အစည်းပေါင်း (၂၈) ဖွဲ့ မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထား ပါသည်။

၃။ NUCC ၏ အဓိက လုပ်ငန်းတာဝန်များမှာ စစ်အာဏာရှင်ကို ဆန့်ကျင်သော ပြည်သူ တစ်ရပ်လုံးအား အနှစ်သာရ ပြည့်ဝစွာကိုယ်စားပြုပြီး ဖက်ဒရယ် ဒီမိုကရေစီ စနစ်ကို စုပေါင်း

ခေါင်းဆောင်မှုဖြင့် ဖော်ဆောင်နိုင်သောအစိုးရတစ်ရပ်ပီပြင်စွာပေါ်ပေါက်လာရေးဆောင်ရွက်ခြင်း၊ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ ပြည်သူ့ညီလာခံက ချမှတ် လိုက်သော မူဝါဒနှင့် မဟာဗျူဟာများကို တာဝန်ခံ အကောင်အထည်ဖော်ခြင်း၊ ပြည်သူ့ညီလာခံတစ်ခုနှင့်တစ်ခုအကြား မူဝါဒဆိုင်ရာ ညှိနှိုင်းလုပ်ဆောင်ခြင်း တို့အား တော်လှန်ရေးကာလတစ်လျှောက်တွင် ကြီးကြပ်မှု ပေးရန်ဖြစ်ပါသည်။

၄။ NUCC သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁) နှင့် (၂) ကို ပြုစုရေးသားကာ ၂၀၂၁ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ တော်လှန်ရေးရည်မှန်းချက် ပိုမို ထင်ဟပ်လာစေရန် ရည်ရွယ်၍ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်ကို ၂၀၂၁ ခု နှစ် မေလ (၂၄) ရက်နေ့မှ စတင်လုပ်ဆောင်ခဲ့ပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုသွားမည်ဖြစ်သည်။

၅။ NUCC သည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သောတော်လှန်ရေး၏ မဏ္ဍိုင်ကြီးများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ် ရေးအစိုးရ (National Unity Government – NUG)၊ ပေါင်းစပ်ညှိနိုင်းရေးကော်မတီ/ကော်မရှင်များအားဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို အခြေပြုသည့် မူဝါဒဆိုင်ရာ ဦးဆောင်မှုပေးရန်၊ ကြီးကြပ်ထိန်းကျောင်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်အတွက် စုပေါင်းခေါင်းဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းထုတ်ပြန်အပ်ပါသည်။